# ကိုယ်ကျင့် နဲ့ ပညာ

## အောင်သင်း



တတိယအကြိမ်

# စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

၁၉၂၇ခုနှစ်၊ ဧပြီလ ၁၇ရက်တွင် တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်နေ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့ မှ ဖွားမြင်သော သားသမီးသုံးယောက်အနက် အကြီးဆုံးဖြစ်သည် ။ အမည်ရင်းမှာ လည်း "အောင်သင်း" ပင်ဖြစ်သည် ။

အသက်၅နှစ်သားအရွယ်တွင် တောင်ပြင်ရပ်ရှိ ဆရာဦးသာဒွန်းဇံ၏ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည် ။ စတုတ္ထတန်း အောင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိမြန်မာအထက်တန်းကျောင်းတွင် အလယ်တန်းပညာ ဆက်လက်သင်ကြားခဲ့သည် ။ ဆဋ္ဌမတန်းတွင် ၁၉၃၈ခုနှစ် ကျောင်းသားသပိတ်နှင့်ကြုံခဲ့သည် ။ ထိုနှစ်၌ မိခင်ကွယ်လွန်သည် ။

သတ္တမတန်း၌ ပညာသင်ကြားနေစဉ်တွင် ပညာဘက်၌ အာရုံလျော့နည်းလာသဖြင့် စာမေးပွဲကျရှုံးခဲ့သည် ။ ထို့နောက် ကျောင်းထွက်နေစဉ်ဖခင် နောက်အိမ်ထောင်ပြုသည် ။ ၁၉၄၁ ခုနှစ်တွင် ရှင်သာမဏေ ဝတ်သည် ။ သာမဏေဘဝနှင့် ပညာသင်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရသည် ။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၇ခုနှစ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ရောက်လုပ်ရှားခဲ့သည် ။ ထိုမှ တစ်ဆင့် ဆိုရှယ်လစ်ပါတီသို့

ရောက်သွားပြီး သင်တန်းများ တက်၍ ခရိုင်စည်းရုံးရေးမှူး အဆင့်ထိ တိုင်အောင် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ခုနှစ် ရောင်စုံသူပုန်များ ပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ ၏ ဖမ်းဆီးခြင်းခံရကာ မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်များ တွင် နေထိုင်ခဲ့ရပြီး ၁၉၄၉ခုနှစ်၊ နိုဝင်ဘာလတွင် သရက်ထောင်ကို ဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၁၉၅၂ခုနှစ်ရောက်မှ တောင်တွင်းကြီးမြို့သို့ ပြန်လာခဲ့ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ထိုနှစ် (၁၉၅၃)မှာ ပင် စာမေးပွဲအောင်မြင်ခဲ့သည်။ ၁၉၅၃ခုနှစ်၊ အောက်တိုဘာလတွင် မိုးထိအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၉၅၆ခုနှစ်တွင် အလုပ်မှ ထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်းကို စတင်တက်ရောက်ခဲ့သည်။ ၁၉၅၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ၁၉၆၀ခုနှစ်တွင် ဝိဇ္ဇာတန်းကို မြန်မာဘာသာစကားနှင့် အနုစာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဗေဒဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၁ခုနှစ်တွင် ဘီအီးဒီ ဆက်တက်နေစဉ် မြန်မာစာဌာနပါမောက္ခဦးဝန်၏ လက်ထက်၌ မဟာဝိဇ္ဇာ အရည်အချင်းစစ် စာမေးပွဲဖြေခွင့်ပေါ်လာခဲ့သောကြောင့် မြန်မာစာ မဟာ ဝိဇ္ဇာအရည်အချင်းစစ် သင်တန်းတက်ရောက်ခွင့်ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြဖြစ်လာသည်။ ၁၉၆၃ခုနှစ်တွင် မော်လမြိုင်ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၆၅ခုနှစ် မေလတွင် ပြင်ဦးလွင်စစ်တက္ကသိုလ် မြန်မာစာဌာနသို့ လက်ထောက်ကထိက ရာထူးနှင့် ပြောင်းရွှေ့အမှုထမ်းရသည်။ ၁၉၇၀ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်တက္က

သိုလ်သို့ ပြန်ပြောင်းရပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက်တက်ရောက်ခဲ့ သည်။ ၁၉၇၄ခုနှစ်တွင် "ဝတ္ထုတိုလေ့လာချက် စာတမ်း" ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။

၁၉၅၉ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခံရသော "သရက်ထောင်ဖောက်ခဲ့စဉ်က" ဆောင်းပါးသည် အောင်သင်း ပထမဆုံး လက်ရာဖြစ်သည်။ ၁၉၅၈ခုနှစ်တွင် ရေးပြီး ရှုမဝသို့ ဦးစွာပေးပို့ခဲ့သည်။ ရှုမဝအယ်ဒီတာအဖွဲ့က ပြည်တွင်းစစ်နှင့် ပတ်သက်သော အကြောင်းအရာများကို မထည့်ရန် ဆုံးဖြတ်ထားသောကြောင့် ပြန်ပို့ပေးခဲ့သည်။ အတန်ကြာမှ မြဝတီသို့ ပို့ခဲ့ရာ မြဝတီက ဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၆၀ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ ထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ် ("လူသေ လူမဖြစ်မီကသျှင်ဥက္ကဋ္ဌ" ဟူသောဆောင်းပါးနှင့် အခြားဆောင်းပါးတစ်ပုဒ်) နှင့် အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ်ကို ရေးသားခဲ့သည်။ လူတစ်ဦး၏ စာမူသုံးပုဒ် ဖော်ပြရန်မသင့်ဟု ဆုံးဖြတ်သောကြောင့် Henery Davibes ၏ The Welcome ကဗျာတွင် "မောင်သံနိုင်"ဟူသော အမည်နှင့် ဖော်ပြခဲ့သည်။

၁၉၆၂ခုနှစ်တွင် "စာဆိုတော်"ဟူသော ပြားငါးဆယ်တန် မဂ္ဂဇင်းကလေး ထွက်လာခဲ့ဖူးသည်။ ထိုမဂ္ဂဇင်း၏ စာပေညွှန်ကြားရေးမှူးအဖြစ် တာဝန်ခံခဲ့သည်။ (တာဝန်ခံအယ်ဒီတာမှာ တပ်မတော် မင်းရဲထွန်းဖြစ်သည်။) ထိုစာစောင်တွင် လည်း လစဉ်သုံးလေးပုဒ် ရေးရသောကြောင့် "မောင်သံနိုင်"ကို တစ်ခါထပ်ပြီး သုံးလိုက်သေးသည်။ သို့သော် နောက်ပိုင်းတွင် အောင်သင်းမှ တစ်ပါး အခြားမည်သည့်နာမည်ကိုမျှ မသုံးတော့ပါ။ နာမည်ရင်းအတိုင်းသာ ရေးခဲ့သည် ။ ၁၉၆၃ခုနှစ်တွင် ကံ့ကော်မြိုင်စာတမ်းများ စာစု၌ စာတမ်းသုံးပုဒ်ရေးခဲ့ရာ နှစ်ပုဒ်ကို ထိုစဉ်

က အထက်တန်း၊ အလယ်တန်း မြန်မာစကားပြေ လက်ရွေးစင်တို့ တွင် ကျောင်းသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့သည် ။

၁၉၆၆ခုနှစ် ပတ်ဝန်းကျင်တွင် "စိတ်ပင်လယ်စာတမ်းများ "အတွက် စာတမ်းငယ်နှစ်ပုဒ် ရေးပေးခဲ့သည် ။ ၁၉၇၁ခုနှစ်တွင် ရှုမဝ၌ "မြန်မာ ဘာသာစကားနှင့်ကာရန်မဲ့ကဗျာ"ဟူသော စာပေဝေဖန်ရေး ဆောင်းပါး ကို ရေးခဲ့သည် ။ ထိုအချိန်မှ စ၍ စာပေသဘောတရား စာပေဝေဖန်ရေး များကို ဆက်တိုက်ရေးခဲ့သည် ။ ၁၉၇၇ခုနှစ်တွင် "စာပေရေးရာ ဆောင်းပါးများ " အမည်ရှိ စာပေဆောင်းပါးစာစုကို ပုံနှိပ်ထုတ်ဝေခဲ့သ ည် ။ ၁၉၈၃ခုနှစ်၊ နိုဝင်ဘာလတွင် သဘင်မဂ္ဂဇင်း အမှတ်(၁)ကို စတင် ထုတ်ဝေခဲ့ရာ ထိုမဂ္ဂဇင်းအမှတ်(၁)မှ စ၍ ၂၅လတိုင်တိုင် "အကြိုက်ဆုံး ဝတ္ထုတို" ကဏ္ဍကို လစဉ်ရေးသားခဲ့သည် ။

၁၉၇၈ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေး လှုပ်ရှားမှု၌ ပါဝင်ပတ်သက်သည် ဟု မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှ ထု တ်ပယ်ခြင်းခံရသည် ။

၁၉၇၉ခုနှစ်နောက်ပိုင်းတွင် အလွတ်နည်းပြသင်တန်းများ ၌ မြန်မာ စာသင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ သည် ။

ထို့နောက် အခါအားလျော်စွာ စာပေဟောပြောခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများ တွင် ပါဝင်ဆွေးနွေးခြင်း၊ စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခြင်း၊ လူငယ်များ အတွက် စာ ဖတ်အသင်းယဉ်ကျေးမှု ထွန်းကားဖွံ့ဖြိုးရေးအတွက် ဆော်ဩရေးသား ဟောပြောခြင်း၊ ပညာရေးဆိုင်ရာ ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာပေများ ရေးသားခြင်း၊ ယနေ့တိုင် လူငယ်များ ၏ ပစ္စုပ္ပန်နှ

င့် အနာဂတ်ဘဝများ ကိုယ်ရည်ကိုယ်သွေးတောက်ပြောင် စိမ်းလန်းရေး အတွက် စာပေရေးသားဟောပြောခြင်းအားဖြင့် စာပေအနုပညာ၌ ဘဝကို မြှုပ်နှံကာ အချိန်ပြည့်စာရေးဆရာအဖြစ် သက်ဝင်ရှင်သန် နေထိုင်လျက်ရှိပါသည်။

***

## ယခင်မှ သည် ယနေ့ဆီသို့ မေတ္တာစကား

စာဖတ်သူ၏ လက်ဝယ်ရောက်ရှိနေသော ဤစာအုပ်ကို သင့်ဘဝစာပေမှ ၁၉၉၈ခုနှစ်၊ ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ကြောင်း ၎င်းစာအုပ်တွင် ဖော်ပြပါရှိသည့် ပုံနှိပ်မှတ်တမ်းအရ သိရှိရပါသည် ။

ဤစာအုပ်သည် ဆရာကြီးဦးအောင်သင်း၏ ဟောပြောချက်များကို ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည် ။

ထိုစဉ်အခါက ဟောပြောပွဲဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်သူသည် မဂ္ဂဇင်းစာစောင်ကို အလေးအနက်ထားထုတ်ဝေနေသူတစ်ဦး ဖြစ်ပါသည် ။ တစ်နေ့တော့ ထိုဆရာ၏ မိခင်က "မင်းက မုံရွာသားဖြစ်လျက်နဲ့ ရန်ကုန်မှာ ဟောပြောဆွေးနွေးပွဲလုပ်သလို ဆရာအောင်သင်းကိုခေါ်ပြီး မုံရွာမှာ ဘာလို့ မလုပ်ရတာလဲ။ မုံရွာမှာ လာလုပ်စေချင်တယ် ။ အမေ့ကို လာလာပြောနေကြတယ်။ အဲဒါမင်း ကြည့်လုပ်ဦး" ဟု ပြောသည် ဆိုတာကိုလည်း သိရပါသည် ။

ထိုဆရာ၏ မိခင်ပြောသော ရန်ကုန်မှာ လုပ်သည့် ဟောပြောပွဲဆိုသည် မှာ ဆရာအောင်သင်းက "ရည်မှန်းချက်နှင့် ပြဿနာအထွေထွေ"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည့် ဟောပြောပွဲ ဖြစ်ပါသည် ။

၎င်းဟောပြောပွဲကို ရန်ကုန်မြို့ရှိ YMCA ခန်းမတွင် ပြုလုပ်ကြောင်း၊ ဟောပြောသူနှင့် တက်ရောက်နားထောင်သူတို့ ၏ အမေးအဖြေများမှာ

လည်း စိတ်ဝင်စားစရာကောင်းကြောင်း တစ်ဆင့်စကား သိခဲ့ရသလို အဆိုပါ ဟောပြောချက်များကိုလည်း ထိုစဉ်က မဂ္ဂဇင်းမှာ (နောက်တော့ စာတစ်ထုပ်ပေတစ်အုပ်အဖြစ်) ဖတ်ခဲ့ရပါသည် ။

သည် တော့ နယ်မြို့ကြီးတစ်မြို့ဖြစ်သည့် မုံရွာမြို့သူမြို့သားတွေက လည်း ၎င်းပွဲမျိုးကို တောင်းဆိုလာကြပြီပေါ့။ ထိုအခါ မိခင်မှ တစ်ဆင့် ဟောပြောပွဲစီစဉ်သူ ဆရာ့ထံသို့ စကားပါးလိုက်ကြရာ မြို့ခံသူငယ်ချင်းများ နှင့်တိုင်ပင်၊ မြို့ခံကဗျာဆရာကြီးတစ်ဦးဖြစ်သူ ဦးအံ့မောင်နှင့်တကွ ဆရာ့ဆရာများ နှင့်လည်း တိုင်ပင်ကြည့်ပါကြောင်းနှင့် ပြီးတော့ ဆရာဦးအောင်သင်းကို မုံရွာမှ လှမ်းပြီးဖိတ်ခေါ်ဖြစ်သွားသည် အထိ ဆိုပါတော့။

သည် လိုနှင့် ၁၇-၁၁-၉၄ ကြာသပတေးနေ့ နေ့လည် ၁:၀၀ နာရီတွင် မုံရွာမြို့ရာပြည့်ခန်းမ၌ "ကိုယ်ကျင့်" ကိုလည်းကောင်း၊ ၁၈-၁၁-၉၄ သောကြာနေ့ နံနက် ၉:၀၀ နာရီတွင် မုံရွာကောလိပ်၌ "ပညာ" ကိုလည်းကောင်း ဆရာဦးအောင်သင်း ဟောပြောဆွေးနွေးဖြစ်ကြောင်း၊ ၎င်းဟောပြောဆွေးနွေးချက်များကို စာအုပ်အဖြစ် (ပထမအကြိမ်) ထုတ်ဝေခြင်းပြုဖို့ ရာ အခြေခံလာသည့် ဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် လိုလိုလားလား စေတနာဖြင့် ခွင့်ပြုခဲ့ကြသော န-မ-ခ တိုင်းမှူးနှင့်တကွ သက်ဆိုင်ရာ ခ-ဝ-တ၊ မ-ဝ-တ၊ မုံရွာကောလိပ်ကျောင်းအုပ်နှင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းအသီးသီးကိုလည်း ကျေးဇူးစကား ဆိုပါကြောင်း "ကိုယ်ကျင့်နဲ့ ပညာ"စာအုပ် (ပထမအကြိမ်) ထုတ်စဉ်က "စီစဉ်သူ၏ ကျေးဇူးစကား" မှာ ဖော်ပြပါရှိခဲ့ပါသည် ။

ထို့ပြင် ပွဲစီစဉ်သူဆရာက ဖော်ပြပါ ဟောပြောပွဲနှစ်ပွဲစလုံး အောင်အောင်မြင်မြင်ဖြစ်ရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော သောင်းဝင်း၊ မြ

င့်အောင်၊ မြမောင်(မောင်ဝင်းသန့်)၊ ယဉ်ဝင်းမောင်နှင့် သူ၏ သူငယ်ချင်းများအားလုံးကိုလည်း ကျေးဇူးစကားဆိုထားပါသည် ။

ထို့ပြင် မေးခွန်းများကို မတိမ်းမစောင်းဖြစ်စေရန် တည်းဖြတ်ပေးခဲ့သည့် ဆရာအံ့မောင် အမှူးပြုသော မိတ်ဆွေစာရေးဆရာများ နှင့် ဆရာဦးအောင်သင်း၏ ဟောပြောချက်များကို တိပ်ခွေမှ တစ်ဆင့် လက်ရေးဖြင့်ကူးပေးခဲ့သော မောင်ကျော်ညွန့် (Air Mandalay) ကိုလည်း ကျေးဇူးတင်ပါကြောင်း မှတ်တမ်းပြုထားပါသည် ။

မိမိသည် ပထမအကြိမ်ထုတ်စာအုပ်တွင် ဖော်ပြပါရှိခဲ့သည့် "စီစဉ်သူ၏ ကျေးဇူးစကား"ကိုဖတ်ပြီးနောက် ဟောပြောပွဲစီစဉ်သူများအား လေးစားစွာ သာဓုခေါ်ခဲ့ဖူးပါသည် ။ ထိုကဲ့သို့ ဟောပြောပွဲမျိုးတွေကိုလည်း ရန်ကုန်နှင့် မုံရွာမှာ သာမက အခြားအခြားသော မြို့ရွာများမှာ ပါ ဆက်လက်ထွန်းကားဖွံ့ဖြိုးစေလိုသော ဆန္ဒများ တဖွားဖွား ပေါ်ပေါက်လာရပါသည် ။ သို့သော် မိမိတစ်ဦးတည်း စီမံဆောင်ရွက်လို့ ရပါရဲ့လား။

ယခု "ကိုယ်ကျင့်နဲ့ ပညာ" စာအုပ်ကို မိတ်ဆွေဖတ်ပြီးပါက ကိုယ်ကျင့်ကောင်းများ ရှိသော ပညာလူ့အဖွဲ့အစည်းဝင်များ အတွက် ရှိသင့်ရှိအပ်သော စိတ်ယဉ်ကျေးမှုနှင့် ဖြန့်ဝေအပ်သော မျှဝေအပ်သော အသိပညာ အတတ်ပညာ၏ တန်ဖိုးကို မိမိတို့ ဘယ်လို စိုက်ပျိုးမွေးမြူကာ ဘယ်လို သီးပွင့်ဖြစ်ထွန်းမလဲ၊ ဘယ်လို ဆွတ်ယူစားသုံးကြမလဲ။ မိမိတို့ လူ့အဖွဲ့အစည်း၏ ချစ်ခြင်းမေတ္တာ ဉာဏ်ပညာ ကိုယ်ကျင့်တရားနှင့် စိတ်ယဉ်ကျေးမှု အစုစုသော လူ့အရင်းအမြစ်သယံဇာတများကို မိမိတို့ ဘယ်လို စောင့်ရှောက် ထိန်းသိမ်းပွားများ စေမလဲဟု စာဖတ်သူ တွေးနေလေမလား။ ယခု "ကိုယ်ကျင့်နဲ့ ပညာ" စာအုပ်ကို ဒုတိအကြိမ်အဖြစ် စီစဉ်

ဆောင်ရွက်ခွင့်ရသော မိမိသည် မိမိကိုယ်မိမိ တွေးတွေးမေးမေး ဖြစ်နေမိပါသည် ။

မည်သို့ပင်ဖြစ်စေ လုပ်သင့်လုပ်ထိုက်သောအလုပ်ကို လုပ်လိုက်ရသည့်အတွက်တော့ဖြင့် မိမိသည် ဤစာအုပ်ဖြစ်မြောက်လာရခြင်း၏ အရင်းအမြစ်ဖြစ်သော ဟောပြောပွဲစီစဉ်သူ၊ ဟောပြောသူ ဆရာဦးအောင်သင်း၊ ဟောပြောပွဲဖြစ်မြောက်ရေးအတွက် စိတ်ကောင်း နှလုံးကောင်းဖြင့် ပါဝင်ဆောင်ရွက်သူများ နှင့် မေးခွန်းများကို အလေးအနက်ထား မေးမြန်းခဲ့ကြသူ လူပုဂ္ဂိုလ်အသီးသီးကိုလည်းကောင်း၊ အခြားသော ကျေးဇူးတင်ထိုက်သူများ နှင့် စာဖတ်ပရိတ်သတ်များကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ စကားဆိုခွင့်ပြုစေလိုပါသည် ။

ချစ်စွာသော စာဖတ်သူများ ၏ နှလုံးအိမ်၌ ကောင်းသော ကိုယ်ကျင့်နှင့် ကောင်းသောပညာများ ကိန်းဝပ်ပါစေသောဝ် ...။

**လေးစားစွာဖြင့်**
**စီစဉ်သူ**
**ဇွန်ပွင့်စာအုပ်တိုက်**
**၇-၆-၂၀၁၁**

***

## အောင်သင်း၏ အမှာ စာ

"ကိုယ်ကျင့်" "ပညာ" ဟူသော ခေါင်းစဉ်များ နှင့် ဆွေးနွေးခြင်းပြုခဲ့သည် မှန်ပါသော်လည်း ထိုထိုသော ကိစ္စရပ်များ တွင် ပြောရေးဆိုခွင့် ရှိလောက်အောင် ကျွမ်းကျင်သူ မဟုတ်ပါကြောင်း ကျွန်တော် ဝန်ခံပါသည် ။ သို့သော်လည်း ကျွန်တော်တကစ်စွမ်းသမျှ အတိုင်းအတာအားလျော်စွာ လူငယ်မျိုးဆက်သစ်များအား ကူညီဖေးမမည်ဟူသော ဆန္ဒဖြင့် ဤသို့သော ဆွေးနွေးပွဲမျိုးကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည် ။

သူတို့ မေးခွန်းများကို ချက်ချင်း ကောက်ကာငင်ကာ ဖြေလိုက်သောကြောင့် ပြေပြေလည်လည် ရှိသည့်အခါမျိုးလည်း ရှိပါသည် ။ အတန်အသင့် လိုသွားသည့်အခါမျိုးလည်း ရှိနိုင်ပါသည် ။ အသိပညာကြီးသောသူများက ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည် ။

မေးသောသူများကလည်း အချို့က အလေးအနက်မေး၍ အချို့ကမူကား အပျင်းပြေဆိုသကဲ့သို့ မေးတတ်သည် များကိုလည်း တွေ့နိုင်ပါလိမ့်မည်။

ကျွန်တော်၏ အဖြေများကို မကျေနပ်စေဦးတော့ မေးခွန်းများကို ကြည့်ပြီးလျှင် ယနေ့လူငယ်များ ၏ ရင်ထဲ၌ မည်သည့်ပြဿနာများ ခိုအောင်းနေသည် ကိုတော့ ကျကျနန တွေ့နိုင်ကြပါလိမ့်မည်။ ထိုပြဿနာမေးခွန်းများကို စာဖတ်သူအပေါင်းတို့ ကလည်း ဝိုင်းဝန်းဖြည့်စွက် ဖြေကြ

ည့်ကြပါဟု တိုက်တွန်းတောင်းပန်လိုက်ရပါသည် ။

**အောင်သင်း**